## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ်ဆိုင်ရာသိကောင်းစရာ

# (Authorized Economic Operators)

### အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ



ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ထုတ်ပြန်ထားသော စံနှုန်းများအား လိုက်နာကြောင်း သက်ဆိုင်ရာနိုင်ငံ အလိုက် အကောက်ခွန် အဖွဲ့အစည်းမှ အသိအမှတ် ပြုထားသည့် ကုန်သွယ်မှုတွင်ပါဝင်သည့် အဖွဲ့ အစည်း (သို့မဟုတ်) ကုမ္ပဏီကို ဆိုလိုတာဖြစ်ပါတယ်။

### နောက်ခံသမိုင်း

၂၀၀၁ ခုနှစ် World Trade Centre Tower တိုက်ခိုက်ခံရပြီး နောက်ပိုင်း အမေရိကန် နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး အေဂျင်စီမှ လုံခြုံမှုအတွက် အကောက်ခွန်နှင့် ကုန်သည်များ လက်တွဲ ဆောင်ရွက်မှု (Customs-Trade Partnership Against Terrorism CT-PAT) အစီအစဉ်အရ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။

ကမ္ဘာအကောက်ခွန်အဖွဲ့ (WCO) မှ ကမ္ဘာ့ ကုန်သွယ်မှု ချောမွေ့စေရေး နှင့် လုံခြုံမှု ရှိစေရန် တို့အတွက် လုံခြုံမှု မူဘောင် (Safe Framework of Standard) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါတယ်။

### စံသတ်မှတ်ချက်များ

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန မှ သတ်မှတ်ထားသော ကုမ္ပဏီ မှတ်ပုံတင် ခြင်း ဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းလုပ်ကိုင် ခွင့် (သို့မဟုတ်) လိုင်စင်ဆိုင် ရာ ကိစ္စရပ်များ အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိရမည်။

(ခ) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင် ခွင့်ပြုသည့် နေ့ရက်မှ အခွင့်ရ စီးပွားရေး လုပ်ငန်းဆောင်ရွက်သူအဖြစ် စတင်လျှောက်ထားသည့်နေ့ရက်အထိ ကာလသည် အနည်းဆုံး သုံးနှစ်ရှိရမည်။

(ဂ) အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြား ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲ လိုက်နာသူ ဖြစ်ရမည်၊

(ဃ) ကုမ္ပဏီ၏ တရားဝင်ဘဏ္ဍာရေးရှင်းတမ်း အမှန်နှင့် အစီရင်ခံစာများကို ကုမ္ပဏီစတင် တည်ထောင်သည့်အချိန်မှစ၍နှစ်စဉ် ထုတ်ပြန် ထားရမည်။

(င) လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းဇယား အချက် အလက်များ၊ ငွေစာရင်းဆိုင်ရာ အချက်အလက် များကို ခုနစ်နှစ်အထိ ထိန်းသိမ်းထား နိုင်ရမည်။

(စ) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး ဆိုင်ရာမှတ်တမ်းအချက်အလက်များ ၊စနစ် များ၊ လုပ်ငန်းစဉ်များနှင့် အကောက်ခွန် ဝန်ဆောင်မှု ကိုယ်စားလှယ်နှင့် ပတ်သက် သည့် ကိစ္စရပ်များတို့အား မှတ်တမ်း ထိန်းသိမ်းရာ တွင် အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်သော ထိန်းသိမ်းမှု စနစ်ကောင်း ရှိရမည့်အပြင် အဖွဲ့အစည်းအတွင်း ကောင်းမွန်သော ထိန်းချုပ်မှုရှိရမည်။

(ဆ) အကောက်ခွန်ဦးစီးဌာနက စည်းကြပ် ကောက်ခံသည့် အခွန်အခ အရပ်ရပ်နှင့် နိုင်ငံတော်သို့ ပေးဆောင်ရန် တာဝန်ရှိ သည့် အခြားအခွန်အခများကို အချိန် နှင့်တစ်ပြေးညီ ပေးဆောင်ထားရမည်၊

(ဇ) ငွေကြေးဆိုင်ရာ တောင့်တင်းခိုင်မာမှုရှိ ရမည်။

(ဈ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အဖြစ် လျှောက်ထားခြင်းမပြုမီ သုံးနှစ် အတွင်းနှင့် အသိအမှတ်ပြုလက်မှတ် မထုတ် ပေးမီကာလအတွင်း အကောက်ခွန်ဆိုင်ရာ ဥပဒေနှင့်ဆက်စပ်ဥပဒေများအရ ပြစ်မှု၊ ပြစ်ဒဏ်ကျခံရမှု မရှိခြင်း၊ အမည်ပျက် (black list) စာရင်းသွင်း ခံရမှုမရှိခြင်း၊ ကုန်ပစ္စည်း တင်သွင်း၊ တင်ပို့သည့် လုပ်ငန်း စဉ်များကို မှန်ကန်စွာ ကြေညာခြင်း၊ စီးပွားရေးဆိုင်ရာ မသမာမှု ကျော်ဇော သတင်းမရှိခြင်းစသည့် အချက်များနှင့် ပြည့်စုံရမည်၊

(ည) လိုအပ်သည့်အချိန်တွင် ကြည့်ရှုစစ်ဆေးရန် ကြိုတင်အကြောင်းကြားလာပါက မည့်သည့် နေရာကိုမဆို စစ်ဆေးခံနိုင်ရမည်။

## အကျိုးကျေးဇူးများ




(က) အကောက်ခွန်ကြေညာလွှာများကို ဦးစားပေး အဆင့်အတန်းဖြင့် သတ်မှတ်ဆောင်ရွက်ခွင့် ရရှိခြင်း၊

(ခ) ကုန်ပစ္စည်း မရောက်ရှိမီ သွင်းကုန်၊ ထုတ်ကုန် ကြေညာလွှာများကို ကြိုတင် တင်သွင်းခွင့်ရရှိခြင်း၊

(ဂ) တရားမဝင် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအတွက် အကျုံးဝင်သည့် ဆုံးရှုံးမှု အလားအလာရှိသော ကိစ္စရပ်များမှအပ စာရွက်စာတမ်းစစ်ဆေးခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား စစ်ဆေးခြင်းများ မပြုလုပ်ဘဲ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ရှင်းလင်းမှု များရရှိခြင်း၊

(ဃ) စစ်ဆေးရန် လိုအပ်သည့် ကိစ္စရပ်များ တွင် ဦးစားပေး စစ်ဆေးခွင့် ရရှိခြင်း၊

(င) တင်သွင်း၊ တင်ပို့သူ၏ပရိဝုဏ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသော အခြားနေရာများတွင် ကုန်စည်များနှင့်သက်ဆိုင်သည့် အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခြင်း၊

(စ) ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တစ်လအတွင်း ဆိုင်းငံ့အခွန်ငွေပေးချေခြင်းစနစ် (Deferred Duty Payment System) ဖြင့် ဆောင်ရွက်ခွင့် ရရှိခြင်း၊

(ဆ) အကောက်ခွန်ဦးစီးဌာန၏ အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခံရခြင်းနှင့် အသိအမှတ်ပြုတံဆိပ် (Logo) ကို သတ်မှတ်ချက်များနှင့်အညီ တပ်ဆင်ဆောင်ရွက်ခွင့်ရရှိခြင်း။

(ဇ) အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီး ဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ များဌာနစုကို မေးမြန်းနိုင်ခြင်း။

## လျှောက်ထားနိုင်မည့် ပုဂ္ဂိုလ်များ

အကောက်ခွန်ဥပဒေ၊ စည်းမျဉ်း စည်းကမ်း များနှင့် လိုက်နာမှုရှိပြီး နာမည်ပျက်မရှိသည့် အောက်ပါ စီးပွာရေးလုပ်ငန်းရှင်များဖြစ်သည့်

- ❑ ကုန်တင်သွင်းသူများ (Importers)
- ❑ ကုန်ပစ္စည်းတင်ပို့သူများ (Exporters) များကို (AEO Trusted Trader) အဖြစ် စတင် အသိအမှတ်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။




## ဘယ်လိုလျှောက်ရမှာလဲ?

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် လျှောက်ထားလိုသူသည် လျှောက်လွှာ ပုံစံကို အကောက်ခွန် ဦးစီးဌာန၊AEO Section တွင် လာရောက်၍ ထုတ်ယူနိုင်ပါတယ်။

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ်လျှောက်ထားလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူဌာနစုသို့ လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊Email ဖြင့်ဖြစ်စေ လျှောက်ထား နိုင်ပါတယ်။

## လုပ်ငန်းစဉ်များ

- ✓ လျှောက်လွှာလက်ခံခြင်းနှင့်စိစစ်ခြင်း
- ✓ အကြိုသွားရောက်စစ်ဆေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း
- ✓ AEO အဖြစ် အသိအမှတ်ပြုခြင်း
- ✓ စောင့်ကြည့်အကဲဖြတ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ထပ်မံလျှောက်ထားခြင်း

**အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစု**
(AEO Section)
အမှတ်-၂၀၅/၂၁၁၊ပထမထပ်၊
၅၀ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၁-၈၂၀၃၉၇၃

myanmaraeo@gmail.com

ကုန်သွယ်မှုလွယ်ကူချောမွေ့စေဖို့

နိုင်ငံတကာ ကုန်သွယ်မှု
အဆင့်အတန်းအညီ

AEO အဖြစ် လျှောက်ထားကြပါစို့